မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၉၇)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC) ညီလာခံခန်းမ၌ ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် မမေ့အပ်သော လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ နိုင်ငံတော်အား ကာကွယ်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနား ကျင်းပသည့်နေ့လည်းဖြစ်သည့်အတွက် ထူးခြားလေးနက်သော နေ့တစ်နေ့ဖြစ်ပါကြောင်း။

နှုတ်ခွန်းဆက်သ

ယခုကဲ့သို့ ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းသောနေ့တွင် ကျင်းပပြုလုပ်သည့် ဤအခမ်းအနားကို တက်ရောက်လာကြသော ဂုဏ်ပြုခံပုဂ္ဂိုလ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကာကွယ်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်ပေါ်လာစေရေးတို့အတွက် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များအားလည်းကောင်း၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သူ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းနိုင်ရန်နှင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ်လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား သာသနာပြုဘွဲ့၊ သာသနာ့ဒုဂ္ဂဟဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ရန် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်၊ အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၀၉ ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း။

ထိုသို့ ပြဋ္ဌာန်းခဲ့သည့်အတိုင်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းများကိုလည်း ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် ပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိခဲ့ပါကြောင်း၊ ယင်းအစဉ်အလာကောင်းကို မိမိတို့အစိုးရလက်ထက်တွင်လည်း ဆက်လက်ကျင့်သုံးပြီး ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများကို ယခုကဲ့သို့ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပပြီး *စာမျက်နှာ ၈ ကော်လံ ၁* ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၅ ရက်)

အားသစ်မာန်သစ်နှင့် ခရီးဆက်ရမည့် ၂၀၁၂ ခုနှစ်

၂၀၁၁ ခုနှစ်သည်ကား အတိတ်တွင်ကျန်ခဲ့ပြီ။ ၂၀၁၂ ခုနှစ်သို့ ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ လူတိုင်းလူတိုင်းသည် အနာဂတ်ဘဝ လှပရေးအတွက် ရုန်းကန်ကြိုးစား အားထုတ်မှုများနှင့်အတူ ၂၀၁၂ ခုနှစ်ကို ကျော်ဖြတ်ကြရပေဦးမည်။

ယမန်နှစ်က လုပ်ကိုင်ဆောင်ရွက်ခဲ့သော အရာအားလုံးသည် လူတိုင်းအတွက်အောင်မြင်မှုများ ရခဲ့သလို မအောင်မြင်မှုများလည်း ရှိနိုင်သည်။ အားနည်းချက်၊ အားသာချက်သည် နေရာတိုင်းတွင် ရှိတတ်သည်။ သို့သော် အားနည်းချက်များကိုပြင်ဆင်ပြီး အကောင်းဆုံးဖန်တီးမှုများဖြင့် ဆက်လက်ကြိုးစားသင့်ပေသည်။ တစ်ကြိမ် ကြိုးစား၍ မအောင်မြင်လျှင် နှစ်ကြိမ်၊ သုံးကြိမ် စသည်ဖြင့် ကြိုးစားကြရမည်။ ကြိုးစားမှုဖြင့် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်သည်အထိ ကြိုးစားကြရပေမည်။

“အတ္တာဟိ အတ္တနော နာထော” မိမိကိုယ်သာ ကိုးကွယ်ရာဟူ၍ ရှင်တော်ဗုဒ္ဓက ဟောကြားတော်မူခဲ့လေသည်။ လူတိုင်းလူတိုင်းသည် ကိုယ့်ကိုယ်ကိုသာ အားကိုးကြရပေမည်။ ပညာရှာသည်ဖြစ်စေ၊ စီးပွားဥစ္စာရှာသည်ဖြစ်စေ မိမိကိုယ်သာအားကိုးခြင်းဖြင့် အောင်မြင်မှုရရှိစေရန် ကြိုးစားကြရပေမည်။

လုပ်ငန်းတစ်ခုအောင်မြင်စေရန် အဓိကအကြောင်းအရင်းမှာ ကံ၊ ဉာဏ်၊ ဝီရိယဟုဆိုထားသည်။ တစ်ဖန် ဝီရိယအကျိုးက ထက်ဝက်ဟူ၍လည်း ဆိုကြသည်။ ထို့ကြောင့် လုပ်ငန်းတစ်ခုအောင်မြင်စေခြင်းမှာ ဝီရိယသည်သာ အဓိကဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။ ဝီရိယစိုက်ထုတ် လုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ပေမည်။

ယနေ့ခေတ်သည်ကား ကမ္ဘာနှင့်အဝန်းတွင် လောကဓာတ် သိပ္ပံပညာများ တိုးတက်ထွန်းကားနေသည်။ ခေတ်စနစ်နှင့်အညီ အမီလိုက်နိုင်စေရန် မျက်ခြည်မပြတ် ကြိုးစားလေ့လာနေမှ တော်ရာကျမည်။ အထူးသဖြင့် စက်မှုနှင့် အိုင်တီနည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည်။ လူငယ်လူရွယ်တို့အနေဖြင့် အပတ်တကုတ် ကြိုးစားသင်ယူသင့်သည်။

ပညာရှာလောကသားမဟုတ်၍ စီးပွားရှာသူဖြစ်လျှင်လည်း မနှစ်ကရှာနိုင်ခဲ့သည့်စီးပွားထက် ယခု ၂၀၁၂ ခုနှစ်တွင် ပိုမိုရှာကြံလုပ်ကိုင်ခြင်းဖြင့် ဘဝတိုးတက်မြင့်မားရေးအတွက် ကြိုးစားအားထုတ်သင့်သည်။ မနှစ်က အလုပ်တစ်ခုလုပ်နိုင်လျှင် ယခုနှစ်တွင် အလုပ်နှစ်ခု၊ သုံးခု လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေစီးပွားကို မြှင့်တင်သင့်၏။

အလားတူ တောင်သူလုပ်ကိုင်သူဖြစ်လင့်ကစား မနှစ်ကစိုက်ပျိုးထုတ်လုပ်မှုထက် ယခုနှစ်တွင် ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး ကြိုးစားအားထုတ်သင့်သည်။ စိုက်ပျိုးရေးသာမက မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်သင့်သည်။ များများစိုက်ပျိုး၊ များများမွေးမြူထုတ်လုပ်ခြင်းဖြင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာနိုင်သည်။

ယခု ၂၀၁၂ ခုနှစ်သည် ထူးခြားမည့် နှစ်ကောင်းတစ်နှစ် ဖြစ်သည်။ နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်းတို့တွင်လည်း ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေချိန်ဖြစ်သည်။ ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုအခွင့်အလမ်းများကို ရှာဖွေကြံဆောင်သင့်ပေသည်။

အချုပ်ဆိုရလျှင် လူတိုင်းလူတိုင်းသည် ယခု ၂၀၁၂ ခုနှစ်မှသည် အနာဂတ်ကာလများစွာတိုင် လူသစ်၊ စိတ်သစ်၊ အားသစ်၊ မာန်သစ်နှင့်အတူ ဘဝတိုးတက်အောင်မြင်ရေးအတွက် လုံ့လ၊ ဝီရိယပြင်းစွာထား၍ ခရီးဆက်ကာ ကြိုးစားအားထုတ်ကြခြင်းဖြင့် အောင်မြင်မှုပန်းတိုင်များကို လှမ်းကိုင်နိုင်ကြပါစေဟု ဆန္ဒပြု ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

ရောင်ခြည်ဦးစာကြည့်တိုက် ကျုံပျော်မြို့နယ်၌ဖွင့်

ကျုံပျော် ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တောချောင်းကျေးရွာအုပ်စု မရမ်းရိုးကျေးရွာ၌ ရောင်ခြည်ဦးစာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးတင်မောင်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်းနှင့် ကျေးရွာစာကြည့်တိုက်မှူး မန်းသိန်းဇော်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လက်ခံ

ဆက်လက်၍ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဝင်းတို့က စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများကို ဟောပြောကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတိုးမောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဒေါ်နှင်းလွှာမျိုး၊ ဆက်သွယ်ရေးတာဝန်ခံ ဒေါ်ထွေးထွေးရီနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မိုးမြင့်တို့က သုတ၊ ရသ စာအုပ်မျိုးစုံအုပ် ၂၅၀ ကို ပေးအပ်လှူဒါန်းရာကျေးရွာစာကြည့်တိုက်မှူး မန်းသိန်းဇော်က လက်ခံယူသည်။

အဆိုပါ စာကြည့်တိုက်ကို ကလေးသူငယ် စောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေကျပ် ၂၆ သိန်းနှင့် ကျေးရွာက ထည့်ဝင်ငွေကျပ် ငါးသိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဖိုမီး အခြားမီး

သုံးပြီးသတိ အမြဲရှိ

ဆားလင်းကြီး၌ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

ဆားလင်းကြီး ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ရုံးပင်ရိုးအုပ်စု မင်းတောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း စကားဝါကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပရာ ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမြင့်က ကျောင်းဆောင်သစ် ဆောက်လုပ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ စွမ်းအင်/ သတ္တုဝန်ကြီးဦးသန်းထိုက်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဦးနှင့် ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် အချက်အလက်များကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးပေါခိုင်က တိုင်းဒေသကြီးပညာရေးမှူး ဦးမြင့်စိုးထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းအဆောက်အအုံမှာ အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း တစ်ထပ်ဖြစ်ကာ နိုင်ငံတော်မတည်ငွေနှင့် ပြည်သူများလှူဒါန်းငွေကျပ် ၉၈ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မျက်စိဝေဒနာရှင်များအား အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မျက်စိရောဂါဝေဒနာရှင်များအား ခွဲစိတ်ကုသခြင်းအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းက မျက်စိအထူးကုဆေးရုံကြီး၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး အလှူရှင်ဦးအောင်မြတ် Mother Trading Co., Ltd. က အလှူငွေကျပ် သိန်းငါးဆယ်အား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက မျက်စိဆေးရုံအုပ်ကြီး ဒေါက်တာဦးသန်းလွင်သို့ အလှူငွေများ ပေးအပ်ပြီးနောက် မျက်စိခွဲစိတ်ကုသပြီး လူနာများအားကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၄)

လွှတ်လပ်ရေးနေ့ အခမ်းအနား လယ်ဝေးမြို့နယ်၌ ကျင်းပ

လယ်ဝေး ဇန်နဝါရီ ၄

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို လယ်ဝေးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ရှေ့မျက်နှာစာတွင် ဇန်နဝါရီ ၄ရက် နံနက် ၇နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ဖတ်ကြားသည်။

အခမ်းအနားသို့ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေး ကြိုတင်ကာကွယ်ရေး ဟောပြော

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၄

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်ကျွန်းမြို့ အောင်သာယာဈေး အပေါ်ထပ်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ယင်းဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းဇော်လွင်က ဆောင်းဦးရာသီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးသူဈေးသားများလိုက်နာရမည့် မီးသတိမူရေးလုပ်ငန်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ (၀၆၅)

နွေစပါးစိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်ပွဲ မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာ၌ ကျင်းပ

မြောင်းမြ ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ တောင်သူများသို့ မြောင်းမြမြို့ ဆန်စက်ပိုင်ရှင်များအသင်းမှ ဖွဲ့စည်းထားသော မြောင်းမြနဂါးကုမ္ပဏီမှ နွေစပါးရာသီ စိုက်ပျိုးစရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာ ရွာလယ်ကျောင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး မြောင်းမြနဂါးကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် မိသားစု ဆန်စက်ပိုင်ရှင် ဦးမောင်မောင်ဝင်းက ပြင်ရွာကျေးရွာ ရွှေနဒီလယ်ယာကုန်ထုတ်အသင်းသို့ နွေစပါး ၄၆၃ ဧကအတွက် ထောက်ပံ့ငွေကျပ် ၂၃၁ ဒသမ ၅သိန်းကို ပေးအပ်သည်။

ပြင်ရွာကျေးရွာ တောင်သူများ မိုးစပါး စိုက်ပျိုးချေးငွေများ အပြေအလည် ပြန်လည်ပေးဆပ်ပြီးဖြစ်၍ မြောင်းမြနဂါးကုမ္ပဏီမှ နွေစပါးစိုက်ပျိုးနိုင်ရန် ယခုဒုတိယအကြိမ် ပြန်လည်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

လွှတ်လပ်ရေးနေ့ ဟောပြောပွဲကျင်းပ

မြို့လှ ဇန်နဝါရီ ၄

ကချင်ပြည်နယ် မြို့လှမြို့နယ်ခွဲ၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဟောပြောပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက မြို့လှမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဌေးလွင်ဦးကအမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ပပသိန်းက လွတ်လပ်ရေးနှင့်ပတ်သက်၍ ဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သရုပ်ပြလေ့ကျင့်

ဖျာပုံမြို့နယ် မြို့မ ပြည်သူ့ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၃၁ ရက်က ဈေးသူ၊ ဈေးသားများ၊ အရန်မီးသတ်များနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ အပေါ့စားရေစုပ်စက်များဖြင့် မီးငြိမ်းသတ်မှုကို သရုပ်ပြလေ့ကျင့်ကြစဉ်။ (၀၇၁)

● ကျောဖုံးမှ

ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chua Hian Kong Robert ဦးဆောင်သော သံတမန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီးဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert ဦးဆောင်သော သံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ရဲသူရတံဆိပ်

အမှတ် မ ၁၃၈၈၄ မီးသတ်တပ်ကြပ်ကြီး ဦးဇော်ဌေး၊ အမှတ် မ ၂၀၀၇၈ မီးသတ်တပ်သား ဦးမျိုးကျော်ကျော်၊ အမှတ် မ ၂၀၈၅၄ မီးသတ်တပ်သား ဦးသော်ဇင်မျိုးနှင့် အမှတ် မ ၂၀၈၅၅ မီးသတ်တပ်သား ဦးအောင်အောင်တို့ လေးဦးအား ရဲသူရတံဆိပ်ကို ချီးမြှင့်ခဲ့သည်။

ချက်ချင်းချီးမြှင့်အပ်နှင်း

နိုင်ငံတော်အစိုးရအနေဖြင့် လတ်တလောဖြစ်ပွားခဲ့သည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်မှုဖြစ်စဉ်တွင် ရဲဝံ့စွန့်စားစွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း နိုင်ငံနှင့်ပြည်သူအတွက် အသက်စွန့်လှူသွားခဲ့သော မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအား ၎င်းတို့၏ စွမ်းစွမ်းတမံ တာဝန်ကျေပွန်စွာ စွန့်လွှတ်စွန့်စားပေးဆပ်မှုအတွက် မှတ်တမ်းတင်အသိအမှတ်ပြုပြီး ယခုကဲ့သို့ စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များ ချက်ချင်းချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၂)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့ များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း စည်သူဘွဲ့ ချီးမြှင့် အပ်နှင်းခြင်းခံရသူ (၁၀)ဦးအနက် စာပေနှင့်အနုပညာရှင် (၂၅)ဦးပါဝင်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။

စည်သူဘွဲ့

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် စည်သူဘွဲ့ချီးမြှင့်အပ်နှင်းခြင်းခံရသူ (၁၀) ဦးရှိသည့်အနက် စာပေနှင့်အနုပညာရှင် (၂၅)ဦးပါဝင်ကြောင်း သိရှိရသည်။

အဆိုပါ စည်သူဘွဲ့ရရှိသူ စာပေနှင့်အနုပညာရှင်များမှာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဝတစ်သက်တာလုံး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးအတွက် တာဝန်ကျေပွန်စွာ ထူးထူးချွန်ချွန် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် အမျိုးသားစာပေ တစ်သက်တာဆုရှင်များ ဖြစ်ကြသော ဦးလှကြိုင်(ပါရဂူ)၊ ဦးထင်ဖတ်(မောင်ထင်)၊ ဦးဌေးမောင် (ဌေးမောင်)၊ ဦးလေးမြိုင်(လေးမြိုင်)၊ ဒေါ်ရင်ရင် (စောမုံညင်း)၊ ဒေါ်ကြန်(မကြန်)၊ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာ ခင်မောင်ညွန့်နှင့် ဒေါက်တာသော်ကောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အစဉ်တစိုက် မြှင့်တင်စွမ်းဆောင်ရင်း စာပေတာဝန်ကျေပွန်ခဲ့ကြသည့် ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)နှင့် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ မြန်မာ့ယဉ်ကျေးမှုအနုပညာများ မပျောက်ပျက်စေရေးနှင့် ရိုးရာအမွေအနှစ်များ အစဉ်ရှင်သန်ခိုင်မြဲနေစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် (၁၇)ကြိမ်တိုင်တိုင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ဂီတနှင့်သဘင်ပညာရှင်များဖြစ်ကြသော ဘိုကလေးဦးတင့်အောင်၊ ဦးရွှေနန်းတင်၊ ဦးမောင်မောင်ကြီး၊ ဦးမင်းနောင်၊ ဒေါ်တင်တင်မြ၊ ဒေါ်သင်းသင်းမြတ်၊ ဒေါ်တင်တင်အေး(ထား)၊ဒေါ်နွဲ့နွဲ့စန်း၊ဦးစိန်ဘမော်နှင့် ဒေါ်စန်းရင်(စံရှားတင်)၊နိုင်ငံနှင့်လူမျိုးအကျိုး၊ အမျိုးသားရေးအကျိုးတို့ကို အစဉ်ရှေးရှုလျက် ရုပ်ရှင်အနုပညာဖြင့် တိုင်းကျိုးပြည်ပြု တာဝန်ကျေပွန်ခဲ့ကြသည့် ရုပ်ရှင်ပညာရှင်များဖြစ်ကြသော ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်မြင့်မြတ်နှင့် ဦးကြည်စိုးထွန်းတို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို နှစ်စဉ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပလေ့ရှိရာ ၂၀၁၂ ခုနှစ် (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အားကစားကွင်း/ရုံများ၊ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များ၌ ဝန်ကြီးဌာန တစ်ခုချင်းစီအလိုက်လည်းကောင်း၊ ဝန်ကြီးဌာနများ စုပေါင်းတာဝန်ယူလျက် လည်းကောင်း၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ အစီအစဉ်ဖြင့်လည်းကောင်း ယနေ့နံနက်ပိုင်းမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အားကစားဝန်ကြီးဌာန အနေဖြင့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးကို ဦးဆောင်တာဝန်ယူလျက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစ၍ ဝန်ကြီးဌာနပေါင်းစုံပါဝင်သော အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများကို သတ်မှတ်နေရာအသီးသီး၌ ကျင်းပပေးခဲ့ပြီး ယနေ့ကျင်းပသော အမျိုးသား ဖူဆယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသား/အမျိုးသမီး လွန်ဆွဲဗိုလ်လုပွဲများသို့ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီဝင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် လိုက်လံကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပထမ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက တတိယ၊ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာနအသင်းက ပထမ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက တတိယ၊ အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမ၊ အားကစားဝန်ကြီးဌာနအသင်းက ဒုတိယ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အသင်းက တတိယ၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက ဒုတိယနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအသင်းက တတိယရရှိကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနက ဦးဆောင်၍ နေပြည်တော် ကြာပန်းအဝိုင်း၌ တာလတ်အပြေးပြိုင်ပွဲများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့ကဦးဆောင်၍အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ ၂၂ မျိုးကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ ၁၈ မျိုးကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ ၂၇ မျိုးကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့ကဦးဆောင်၍ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၂၇ မျိုးကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ ၁၂မျိုးကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ကဦးဆောင်၍ အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၁၄ မျိုးကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် လွှတ်တော်ရုံးတို့က ဦးဆောင်၍အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ ၁၂မျိုးကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ တော်ဝင်ရတနာ မူလတန်းကြိုကျောင်း၌ မိသားစု ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနကဦးဆောင်၍ မီနီမာရသွန်ပြိုင်ပွဲကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ ၁၈မျိုးကို လည်းကောင်း၊ ယုပန်းမြိုင်စိုက်ပျိုးရေးလုပ်ငန်းက ဦးဆောင်၍ မိသားစုပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲများကိုလည်းကောင်း အသီးသီးကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မော်ဝန်းမာလာပန်းခြံ၌ ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ယမန်နေ့မှအဆက်

ကိုရီးယားသမ္မတနိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကိုရီးယားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူများထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ လွန်ခဲ့သောနှစ်များက နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကို သိသာထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လာမည့်နှစ်များအတွင်း နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဒီမီထရီအေမက်ဒ်ဗီဒက်ဗ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ထွန်းလာမှုအပေါ် အလေးအနက်တန်ဖိုးထားပါကြောင်း၊ မြန်မာနှင့် ရုရှားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကိုအခြေခံကာ နယ်ပယ်အသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက်လည်း နှစ်နိုင်ငံပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာရေးရာကိစ္စရပ်များတွင်လည်း အတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာစေရန်နှင့် အောင်မြင်မှုများ ဆက်လက်ရရှိစေရန်၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာရွှင်လန်းကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီဗွီလပ်ဗ်ရော့ဗ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မိုဟာမက်ဇီလာရာမန်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာမှုအတွက် နှစ်ထောင်းအားရကျေနပ်မိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်အောင်မြင်မှုများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ခဲ့သည်။

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာမဟင်ဒါရာဂျာပက်ခ်စာထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် သီရိလင်္ကာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးခဲ့ကြပါကြောင်း၊ ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များ ပေါများရာ နိုင်ငံများဖြစ်ကြကြောင်း၊ မကြာမီက အဆင့်မြင့်အဆင့်သွားရောက်လည်ပတ်ခဲ့မှုများနှင့် နှစ်နိုင်ငံပြည်သူများဆက်ဆံလည်ပတ်မှုများ တိုးပွားလာလျက်ရှိကြောင်း၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ သီရိလင်္ကာဝန်ကြီးချုပ် ဒီအမ်ဂျေရဲအာတနဲက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ထံသို့ လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ခဲ့သည်။ ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂျီအယ်လ် ပဲရစ်ကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ဂျပန်နိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ယိုရှီဟီကိုနိုဒါထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂျပန်အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာပြည်သူ မြန်မာပြည်သားအားလုံး ကြီးပွားတိုးတက်စေရန်လည်း ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုနှစ် ဂျပန်နိုင်ငံ၌ကျင်းပမည့် ဂျပန်-မဲခေါင်ထိပ်သီးအစည်းအဝေးတွင် အဆွေတော်အား ဆုံစည်းလိုပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ခိုအိချိယိုဂင်းဘ ကလည်း ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာခရစ္စရှန်ဝုဖ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ဂျာမနီအစိုးရနှင့် ပြည်သူများကိုယ်စား ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်ပါကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်နေမှုနှင့် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းသစ် လျှောက်လှမ်းနေမှုကို စိတ်ရင်းစေတနာကောင်းဖြင့် စောင့်ကြည့်လျက်ရှိပါကြောင်း၊ အဆွေတော်၏ ဆောင်ရွက်မှုများအောင်မြင်မှုရရှိစေရန်နှင့် မြန်မာပြည်သူများ သာယာဝပြောပြီး ကျန်းမာရွှင်လန်းကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကချင်ပြည်နယ်ပညာရေးစုံညီပွဲတော်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ပွဲတော်မှခ်ဦးကို ဘက်စုံထူးချွန်ဆုရကျောင်းသား ကျောင်းသူလေးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် တာဝန်ရှိသူများသည် ပညာရေးစုံညီပွဲတော်တွင် ခင်းကျင်းပြသထားသည့် ကွန်ပျူတာပြခန်း၊ သိပ္ပံလက်တွေ့ခန်း၊ အိမ်တွင်းမှုပြခန်း၊ ရသပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီပွဲတော်ကို “စုံညီပွဲတော်တို့နွှဲပျော်” တေးသီချင်း သီဆိုဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဦးခင်မောင်ထွေးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်ထံ စုံညီပွဲတော်တံဆိပ်ပါ ပန်းချီကားချပ်ကို အမှတ်တရလက်ဆောင်ပေးအပ်သည်။

ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ ပြည်နယ်အဆင့် ဘက်စုံထူးချွန် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် ဆရာ ဆရာမကြီးများနှင့်ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း (ဝဲပုံ)နှင့်ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်နယ်ပညာရေးမှူးတို့က ဆုအသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက “စုံညီပွဲတော်ဆီ” တေးသီချင်းသီဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက်ကကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ ဖတ်ကြားစဉ်။ (၄၁၇)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အထက(၂)အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်ကကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင် ဖတ်ကြားစဉ်။ (၀၀၇)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် အထက(၁) မြတ်ဝတ်ရည်ခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက်ကကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး ဖတ်ကြားစဉ်။ (၀၄၂)

မြောက်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းမှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့၊ ကသာမြို့၊ အမ်းမြို့နှင့်မာန်အောင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စလူရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်စိုး၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃ ရက် နံနက် ၁၁ နာရီတွင် ပဲခူးမြို့နယ် ဝံကိုက်သျှိုရွာအနီး၌ ဆောင်ရွက်နေသော စလူရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးရီက ပဲခူးမြို့နယ်၊ ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်များ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့် စလူရေလှောင်တမံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ပြည်ထောင်စုဝန်ကြီးက အမှန်တကယ်ပြီးစီးရမည့် အချိန်ကာလနှင့် တွက်ချက်၍ မမျှော်မှန်းနိုင်သော အခက်အခဲများ ကြုံတွေ့လာရပါက ကျော်လွှားသွားနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ကြရန်၊ ဆည်ရေရှည်တည်တံ့ခိုင်မာမှုအတွက် Design ပညာရပ်များ အပါအဝင် အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းများကို အဆင့်အလိုက် စနစ်တကျ မပျက်မကွက် ဆောင်ရွက်သွားရန်၊ ဆည်၏ ရေဝေ၊ ရေလဲဧရိယာ တောတောင် သဘာဝထိန်းသိမ်းရန် သစ်ပင်ခုတ်လှဲခြင်းမပြုလုပ်ကြရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုရန် မှာကြားသည်။

အားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စလူရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများ၊ လုပ်သားများဖြင့် လုပ်ငန်းအကောင်အထည်ဖော်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆောင်ရွက်

စလူရေလှောင်တမံစီမံကိန်းကို ပဲခူးတိုင်းဒေသကြီး ရေကြီးနစ်မြုပ်မှုမှ ကာကွယ်တားဆီးရန် တည်ဆောက် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး မိုးမကျမီ ပွင့်လင်းရာသီတွင် ပြီးစီးရေး စက်ယန္တရားကြီး ၅၅ စီးဖြင့် နေ့ရောညပါ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများ တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရှမ်းပြည်နယ် ပညာရေးစုံညီပွဲတော် ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၁-၂၀၁၂ပညာသင်နှစ် ရှမ်းပြည်နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်ပညာရေးမှူး ဦးလှဝင်းတို့က ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပညာရေး မြှင့်တင်မှုဆိုင်ရာပြခန်း၊ သင်ထောက်ကူပြခန်း၊ စိုက်ပျိုးရေးပြခန်း၊ တီထွင်မှုပြခန်း၊ သိပ္ပံပြခန်း၊ အိမ်တွင်းမှု၊ လက်မှုပြခန်းနှင့် ICT ပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက စုံညီပွဲတော်တို့နွဲပျော်သီချင်း သီဆို၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ထူးချွန်ဆုရရှိကြသူများနှင့် နေပြည်တော် ကျောင်းသား အားကစားပြိုင်ပွဲ၌ အမျိုးသား ဘော်လီဘောတံခွန်စိုက်ဒိုင်းဆုရ ဘော်လီဘောအသင်းတို့အား ဆုများချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ နဝမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် နေပြည်တော် ကျောင်းသား အားကစားပြိုင်ပွဲ၌ အမျိုးသမီးပြေးခုန်ပစ်တံခွန်စိုက်ဒိုင်းဆုရအသင်းအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်က ဆုချီးမြှင့်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကွယ်ကွယ်နှင့် ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲအသီးသီးမှ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

ဖျော်ဖြေ

ယင်းနောက် အခြေခံပညာ ကျောင်းသား ကျောင်းသူလေးများက အကပဒေသာများဖြင့် ဖျော်ဖြေကြပြီး အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက် ဆောက်လုပ်ရန်အတွက် အမှတ် ၅၄ မင်္ဂလာလမ်း (၁၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ အောင်သန်းစိုး ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးဝင်း၊ ဒေါ်ယဉ်နုမိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့က ဆောင်ရွက်လျက်ရှိသော သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူးရုံး၌ ခရိုင်အတွင်း ဆောင်ရွက်ထားရှိသည့် လမ်း/တံတား လုပ်ငန်းအခြေအနေများကို ခရိုင်အင်ဂျင်နီယာမှူးက တင်ပြသည်။

မှာကြား

ထို့နောက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ သီလဝါအထူးစီးပွားရေးဇုန်ကို နိုင်ငံတော်၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျဖြစ်ရေး ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် လွန်ဆွဲပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ ကျားမ လွန်ဆွဲပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က လမ်းမတော်မြို့နယ် အထက(၁)၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ ကျားမအဖွဲ့ပေါင်း ၂၆ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ (၀၄၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ **အသိနဲ့ဒိဋ္ဌိခွာမှုကိုရှေ့ထားကြရန်** တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၆း၃၀ ထူးခြားသောဘူမိအနေအထားနှင့် ဖူးမဝသောကျိုက်ထီးရိုးစေတီ
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၇)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၀)
- ၈း၄၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၈)
- ၈း၅၀ ချင်းတွင်းစာပေခရီး(၂၀၁၁)
- ၉း၀၅ Activities in the City (မဟာစည်သြဝါဒခံယူပူဇော်ပွဲ)
- ၉း၁၅ အမေများပျော်တဲ့နေ့
- ၉း၂၀ Intellectual Talk (လူထုကျန်းမာရေးအတွက် နိုင်ငံကြီးသားများ၏အခန်းကဏ္ဍ) (ဒေါက်တာခင်မောင်လွင်၊ ကိုကိုလှိုင်)
- ၁၀း၀၅ အလက(၃)မြောက်ဥက္ကလာရဲ့ အာစရိယပူဇော်ပွဲ
- ၁၀း၂၀ မန္တလေးမြို့ရှေ့နေကြီးများမိသားစု မဟာဘုံကထိန်တော်
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၅၅ The Champion of Dance
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၅)
- ၁၂း၀၅ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
- ၁၂း၃၀ စိတ်အေးချမ်းသာ… ပြုံးပျော်စေဖို့ရာ… Smile Fire Extinguisher
- ၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (RANBAXY Annual Get Together 2011)
- ၁း၀၀ **အသိနဲ့ဒိဋ္ဌိခွာမှုကိုရှေ့ထားကြရန်** တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၀၀ Activities in the City (ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ)
- ၃း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၇)
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၀)
- ၄း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **အမေ့ကျေးဇူးဆပ်ဖူးချင်တယ်**
- ၅း၁၅ မန္တလေးမြို့မှ TOA Colour World
- ၅း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၅)
- ၆း၀၀ MRTV -4 သတင်း
- ၆း၁၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၉)
- ၆း၂၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၈)
- ၇း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV -4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ ခါတ်ပုံထဲမှအမှတ်တရများ (ခွန်းဆင့်နေခြည်)
- ၉း၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၁)
- ၁၀း၁၅ ပြီးပြည့်စုံသောအလှတရားအတွက် Angel Fitness Centre
- ၁၀း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၆)
- ၁၁း၀၀ မန်းရာပြည့်ဂီတာဦးတင်နှင့် တွေ့ဆုံခန်း
- ၁၁း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Athena Spa)
- ၁၁း၃၅ ရေပျော်ငှက်၏တောင်ပံခတ်သံ
- ၁၁း၅၅ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၁၂း၄၅ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ခါတုလျှော့ချသုံးစွဲကြ (စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး)
- ၁း၀၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၁း၂၀ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
- ၁း၄၀ ဒို့တိုင်းဌာနီဧရာဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများ)
- ၂း၀၅ ပန်းပျိုးလက်ဖြင့်ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ…
- ၂း၂၀ Box Office Movies (Fast & Furious 4)
- ၂း၄၀ **လောကရဲ့အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ အဘိုးအဘွားများ အေးချမ်းစွာနားခိုရာ ချမ်းမြေ့သာယာစံတော်သာ
- ၄း၃၀ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
- ၄း၄၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
- ၄း၅၀ သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
- ၅း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

◆ *ကျော်ဖုံးမှ*

အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်ရေးဟူသော အမျိုးသားရေး ဦးတည်ချက် (၄)ရပ်နှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား ၂၉၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ပြည်ထောင်စုဝန်ကြီးများ၊ ၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ရုံးအဖွဲ့မှူးများ၊ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ကိုယ်စားလှယ်များကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

နိုင်ငံတော်အလံလွှင့်တင်

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် အခမ်းအနားကျင်းပရာသို့ ၂၀၁၂ ခုနှစ် (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

အလေးပြု

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအားအလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ဖတ်ကြား

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကျင်းပရာနေရာမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုကြိုဆို

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် လွတ်လပ်ရေးနေ့ဖြစ်သည့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်အဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိ၍ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်ကို တွေ့ရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ နမော…နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၈။ အကပဒေသာ
- ၈:၂၀ ၉။ **အိုးပိုင် အိမ်ပိုင်**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၅ ၄။ အတီးပြိုင်ပွဲ
- ၄:၄၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စီးပွားရေးပညာ အထူးပြု) (သင်္ချာ)
- ၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ အမှန်ထင်နေသောအမှား
- ၅:၂၅ ၉။ တေးဂီတအစီအစဉ်
- ၅:၃၅ ၁၀။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅:၅၀ ၁၁။ **ကညင်ရေလျှောင်တမံ**
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ **မျဉ်း** (ဇာတ်သိမ်းပိုင်း)
- ၆:၄၀ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၀)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၃၂)
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၂)
- ၂၃။ အစီအစဉ်ပြီး၏။

ထွန်းညှိ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် မြို့တော်ခန်းမ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာ ထွန်းညှိထားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ (၅၈)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန် ညီလာခံကို ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့တက်ရောက်မည့်သူများသည် ဇန်နဝါရီ ၁၂ ရက်မှစတင်၍ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ မှတ်ပုံတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ဆရာဝန်အသင်း)**

လွတ်လပ်ရေးနေ့ အခမ်းအနား အောင်လံမြို့၌ကျင်းပ

အောင်လံ ဇန်နဝါရီ ၄

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားကို မကွေးတိုင်းဒေသကြီး အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(၁၁၉)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဖတ်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ ခရိုင်နှင့်မြို့နယ်များမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၃၀၀ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်သူ့ရင်ပြင်အတွင်း စစ်ရေးပြတပ်ခွဲနှင့် စစ်တီးဝိုင်းအဖွဲ့များ နေရာယူကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ရောက်ရှိကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်များနှင့် တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းတို့ ပြုလုပ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ စည်ကားစွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်အသီးသီး၌ စည်ကားသိုက်မြိုက်စွာကျင်းပကြရာ ရပ်ကွက်သူ ရပ်ကွက်သားများ၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ညနေပိုင်းနှင့် ညပိုင်းတို့တွင် ပြိုင်ပွဲအသီးသီး၌ ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ကြသည်။

ရုံးပိတ်အားလပ်ရက်ဖြစ်သဖြင့် အင်းလျားကန်၊ ကန်တော်ကြီး ရေချိုင်းပြတိုက်၊ ကန်တော်မင်္ဂလာပန်းခြံ၊ ပြည်သူ့ဥယျာဉ်နှင့် ကလေးကစားကွင်းများ၌ မိသားစုအလိုက် လေ့လာအပန်းဖြေ အနားယူကြသူများ၊ ပျော်ရွှင်စွာ ဆော့ကစားကြသည့် ကလေးငယ်များဖြင့် စည်ကားလျက်ရှိပြီး တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ လာရောက်အပန်းဖြေလေ့လာကြသူများအား ဆင်လိမ္မာ၊ မျောက်လိမ္မာ၊ ခွေးလိမ္မာနှင့် မြွေအလမ္ပာယ်ပြကွက်များဖြင့် ဖျော်ဖြေသည်။

လျှပ်စစ်မီးများထွန်းညှိ

ထို့အပြင် ဇန်နဝါရီ ၃ ရက် ညပိုင်းမှစတင်၍ ဌာနဆိုင်ရာရုံးများ၌ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိကြသည်ကို တွေ့ရသည်။

အလားတူ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ မကွေးတိုင်းဒေသကြီး မကွေးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ရပ်ကွက်နှင့် ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပ၍ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အလားတူ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၄ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ ရမ်းဗြဲမြို့ ရမ္မာဝတီမြို့မအားကစားကွင်း၌ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရ မယဉ်မေဖူးအား ကျောင်းအုပ်ဆရာမကြီးကိုယ်စား တာဝန်ခံဆရာမ ဒေါ်စန်းစန်းလှနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးစိုးမြင့် (နယူးရွှေစင် စိန်ရွှေရတနာဆိုင်)တို့က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

အထက (၅)မင်္ဂလာဒုံ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးရှင် မယုဇင်ဇင်နိုင်၊ ငါးဘာသာဂုဏ်ထူးရှင် မယဉ်မေဖူးနှင့် မအေးမြတ်မွန်၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၂ ဦးတို့အား ကျောင်းအုပ်ဆရာမကြီးကိုယ်စား တာဝန်ခံ ဆရာမ ဒေါ်စန်းစန်းလှနှင့် ကျောင်းအကျိုးတော်ဆောင်များက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၄ ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်ရဲတပ်ဖွဲ့၌ကျင်းပရာ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်မျိုးမြတ်မင်း(အထက-၁ဒဂုံ)အား အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်သီတာလွင် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဂိုဒေါင်မီးလောင်ပေါက်ကွဲမှုတွင် အသက်ပေးလှူခဲ့သည့် တပ်ဖွဲ့ဝင်များအတွက် ရက်လည်ဆွမ်းကပ်

ရန်ကုန် ဇန်နဝါရီ ၄

ဒီဇင်ဘာ ၂၉ ရက်တွင် ဖြစ်ပွားခဲ့သော မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ဂိုဒေါင်မီးလောင် ပေါက်ကွဲမှု၌ တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအတွက် ရက်လည်ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ကျန်ရစ်သူ မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများတက်ရောက်ကြပြီး သံဃာတော်များထံ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသော ထိခိုက်ဒဏ်ရာရရှိသူ မီးသတ်တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင်တစ်ဦးချင်းသို့ အင်အားဖြည့်အစားအစာနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ပန်းဘဲတန်းမြို့နယ်၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် နာနတ်တောလမ်းရှိ အထက(၃) ကျောင်းဝင်းမြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်တင်က ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သောလွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက ဖတ်ကြားစဉ်။ (၀၅၇)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက ဖတ်ကြားစဉ်။ (၁၆၄)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

မဟာသရေ စည်သူဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဗိုလ်ချုပ်ကြီး စိုးဝင်း (ကွယ်လွန်) ကိုယ်စား ဇနီး ဒေါ်သန်းသန်းနွဲ့အား မဟာသရေ စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။
(သတင်းစဉ်)

စည်သူဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဦးငွေးမောင်အား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။
(သတင်းစဉ်)

❖ ***ရှေ့ဖုံးမှ***

ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို ချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် တံဆိပ်များကို သင်္ဂဟ၊ ဘွဲ့နှင့် တံဆိပ်ဟူ၍ သုံးမျိုးခွဲခြားထားပြီး သင်္ဂဟတွင် သုမေ္မသင်္ဂဟဘွဲ့များနှင့် ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များ ဟူ၍ နှစ်ဖွဲ့ ခွဲခြားထားပါကြောင်း။ သင်္ဂဟဘွဲ့များမှာ အဂ္ဂမဟာသီရိ သုမေ္မဘွဲ့၊ သတိုးသီရိသုမေ္မဘွဲ့ နှင့် မဟာသီရိသုမေ္မဘွဲ့တို့ ဖြစ်ပြီး ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များတွင် အဂ္ဂမဟာ သရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာ သရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့ နှင့် စည်သူဘွဲ့တို့ ပါဝင်ပါကြောင်း။

တပ်မတော်ဆိုင်ရာ စွမ်းရည် သတ္တိဘွဲ့များမှာ အောင်ဆန်းသူရိယ ဘွဲ့၊ သီဟသူရဘွဲ့၊ သူရဘွဲ့တို့ဖြစ်ပြီး စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့များမှာ သီရိ ပျံ့ချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့ နှင့် သိပ္ပံကျော်စွာဘွဲ့တို့ဖြစ်ပါကြောင်း။

ထို့ပြင် တပ်မတော်ဆိုင်ရာ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူး ဆောင် တံဆိပ်များနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုတံဆိပ် များကိုလည်း နှစ်စဉ် ချီးမြှင့်ပေးအပ် လျက်ရှိပါကြောင်း။ ယနေ့ ဂုဏ်ထူး ဆောင်ဘွဲ့တံဆိပ်များပေးအပ်ရာတွင်-

(က) သင်္ဂဟဘွဲ့များတွင် အဂ္ဂ မဟာ သီရိသုမေ္မဘွဲ့ တစ်ဦး၊ သတိုးသီရိသုမေ္မ ဘွဲ့ တစ်ဦး၊ မဟာသီရိ သုမေ္မဘွဲ့ လေးဦး၊

(ခ) ပြည်ထောင်စု သရေ စည်သူ သင်္ဂဟဘွဲ့တွင် မဟာ သရေစည်သူဘွဲ့ ကိုးဦး၊ သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ၃၀ဦး၊

(ဂ) စွမ်းဆောင်မှုဆိုင်ရာဘွဲ့ များတွင် သီရိပျံ့ချီဘွဲ့ ၆၀ ဦး၊ ဇေယျကျော်ထင် ဘွဲ့ ၄၄ ဦး၊ ဝဏ္ဏ ကျော်ထင်ဘွဲ့ ၈၂ ဦး စုစုပေါင်း ၂၄၀ဦး ရရှိ ကြပါကြောင်း၊

ယင်းအပြင် တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အနေဖြင့် သူရဘွဲ့ ခြောက်ဦးတို့ကိုလည်း ဂုဏ်ပြုချီးမြှင့် ပေးသွားမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့ များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသော ပုဂ္ဂိုလ် များသည် ၁၉၉၇ ခုနှစ်မှ ၂၀၁၁ခုနှစ် မတ် ၃၀ ရက်အထိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက် ကာလအတွင်း နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာအား မထိမခိုက်၊ မပျက်မစီး၊ မယိမ်းမယိုင်ရအောင် ကာကွယ်စောင့် ရှောက်သည့် လုပ်ငန်းများတွင်သော် လည်းကောင်း၊ အဘက်ဘက်မှယိုယွင်း ပျက်စီးပြီး ခေတ်နောက်ကျကျန်ရစ် နေသောနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရ သည့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင်သော်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသော အစိုးရ သစ်တစ်ရပ် ပေါ်ပေါက်လာသည်အထိ လမ်းစဉ်(၇)ရပ်ချမှတ်ပြီး တစိုက် မတ်မတ်အောင်မြင်အောင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၌သော် လည်းကောင်း ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင် ဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြ သည့်အပြင် အစိုးရသစ်တစ်ရပ်ကို မျိုးဆက်သစ်တစ်ခုထံသို့ တည်ငြိမ် အေးချမ်းစွာ လွှဲပြောင်းပေးနိုင်ခဲ့သော ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အတွက် နိုင်ငံတော်မှ ယခုကဲ့သို့ ဂုဏ်ထူးဆောင် ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ် များချီးမြှင့်ပြီး ဂုဏ်ပြုပေးအပ်ခြင်း ဖြစ်ပါကြောင်း။

<u>ကြိုးပမ်းတည်ဆောက်</u>

ယခုရရှိသော ဂုဏ်ထူးဆောင်ဘွဲ့ များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များမှာ မိမိတို့ဖြတ်သန်းခဲ့ရသော ခက်ခဲ ကြမ်းတမ်းသည့်ဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသော မိမိတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်မှ မှတ်ကျောက်တင်ခြင်း ခံခဲ့ရသည့် သင်္ကေတအမှတ်အသားတစ်ခုဖြစ်ပါ ကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာ အတွက်သာမက မိမိတို့၏ သားစဉ် မြေးဆက်တိုင် ဂုဏ်ယူဖွယ်ရာဖြစ် သည့် အထိမ်းအမှတ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် မျိုးဆက်သစ် လူငယ်များအား တိုင်းပြည်၏လွတ်လပ်

ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဘိုကလေး ဦးတင့်အောင်အား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတက ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) အား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။
(သတင်းစဉ်)

ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဗိုလ်ချုပ်သန်းအောင် (ငြိမ်း) အား ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။
(သတင်းစဉ်)

ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဦးအောင်သိန်းအား ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။
(သတင်းစဉ်)

၆၀ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ၄၄ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၂ ဦး စုစုပေါင်း ၂၄၀ဦး ရရှိကြပါကြောင်း၊

ယင်းအပြင် တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အနေဖြင့် သူရဘွဲ့ ခြောက်ဦးတို့ကိုလည်း ဂုဏ်ပြုချီးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသော ပုဂ္ဂိုလ်များသည် ၁၉၉၇ ခုနှစ်မှ ၂၀၁၁ခုနှစ် မတ် ၃၀ ရက်အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ကာလအတွင်း နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအား မထိမခိုက်၊ မပျက်မစီး၊ မယိမ်းမယိုင်ရအောင် ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းများတွင်သော်လည်းကောင်း၊ အဘက်ဘက်မှယိုယွင်းပျက်စီးပြီး ခေတ်နောက်ကျကျန်ရစ်နေသောနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်သော်လည်းကောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသော အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာသည်အထိ လမ်းစဉ်(၇)ရပ်ချမှတ်ပြီး တစိုက်မတ်မတ်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၌သော် လည်းကောင်း ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက်ပါဝင် ဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြသည့်အပြင် အစိုးရသစ်တစ်ရပ်ကို မျိုးဆက်သစ်တစ်ခုထံသို့ တည်ငြိမ်အေးချမ်းစွာ လွှဲပြောင်းပေးနိုင်ခဲ့သော ပုဂ္ဂိုလ်များ ဖြစ်ကြသည့်အတွက် နိုင်ငံတော်မှ ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ပြီး ဂုဏ်ပြုပေးအပ်ခြင်း ဖြစ်ပါကြောင်း။

ကြိုးပမ်းတည်ဆောက်

ယခုရရှိသော ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များမှာ မိမိတို့ဖြတ်သန်းခဲ့ရသော ခက်ခဲကြမ်းတမ်းသည့်ဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသော မိမိတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်မှ မှတ်ကျောက်တင်ခြင်း ခံခဲ့ရသည့် သင်္ကေတအမှတ်အသားတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွက်သာမက မိမိတို့၏ သားစဉ်မြေးဆက်တိုင် ဂုဏ်ယူဖွယ်ရာဖြစ်သည့် အထိမ်းအမှတ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် မျိုးဆက်သစ်လူငယ်များအား တိုင်းပြည်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မထိပါးမဆုံးရှုံးရအောင် မိမိတို့ကဲ့သို့ ကာကွယ် စောင့်ရှောက်ကြရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြရန် တိုက်တွန်းအားပေးသော တွန်းအားတစ်ရပ်လည်း ဖြစ်စေခဲ့ပါကြောင်း။

အထက်ပါ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများထံမှ တိုင်းပြည်ကို လက်ခံ လွှဲပြောင်းရယူခဲ့သည့် မိမိတို့အစိုးရသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတွင် ပြည်တွင်းနိုင်ငံရေးအင်အားစုများ စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းမှုရရှိအောင် ဆောင်ရွက်ရေးလုပ်ငန်းစဉ်များသည် အရေးကြီးသော လုပ်ငန်းစဉ်များ ဖြစ်သည့်အတွက် ယနေ့မိမိတို့ အစိုးရအဖွဲ့သစ်၏ ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် တိုင်းပြည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရင်း ခေတ်မီစက်မှုနိုင်ငံထူထောင်နိုင်ရန် ရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဘွဲ့တံဆိပ်ရ အတွေ့အကြုံရင့်ကျက်သည့် ပုဂ္ဂိုလ်ကြီးများအနေဖြင့်လည်း မိမိတို့အစိုးရသစ်၏ ကြိုးပမ်းဆောင်ရွက်နေသော လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းပြီး ထောက်ခံအားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ ဘွဲ့တံဆိပ်ရ ပုဂ္ဂိုလ်ကြီးများ ကျန်းကျန်းမာမာနှင့် စိတ်ချမ်းချမ်းသာသာရှိကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်ကျောက်တင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး တိုင်းပြည်ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ မိမိတို့ကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် တိုက်တွန်းအားပေးကြပါရန် ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စည်သူဘွဲ့ရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သုဓမ္မသင်္ဂဟဘွဲ့များကို ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သူရဘွဲ့များကိုချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် စွမ်းဆောင်မှုဆိုင်ရာဘွဲ့များဖြစ်သည့် သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့် ဂုဏ်ထူးဆောင်ဘွဲ့အလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့အခမ်းအနားတွင် သုဓမ္မသင်္ဂဟဘွဲ့များရရှိသူ ခြောက်ဦး၊ ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့များရရှိသူ ၄၈ ဦး၊ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ရရှိသူ ခြောက်ဦး၊ စွမ်းဆောင်မှုဆိုင်ရာဘွဲ့များ ရရှိသူ ၁၈၆ ဦး စုစုပေါင်း ဂုဏ်ထူးဆောင်ဘွဲ့များရရှိသူ ၂၄၆ ဦးတို့အား သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတက ဦးတင်လှိုင် (လယ်တွင်းသား စောချစ်) အား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။
(သတင်းစဉ်)

သီရိပျံချီဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဦးကိုလေးအား သီရိပျံချီဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။
(သတင်းစဉ်)

၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ကျင်းပ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၇)၊ အမှတ်(၈)နှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဦးစီး၍ ကျင်းပကြသည်။

အလားတူ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၅)နှင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းများ၊ ရပ်ကွက်အသီးသီးရှိ ဝန်ထမ်းအိမ်ရာများ၌လည်း ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။

ထို့အတူ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာကျင်းပကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မော်ဘီမြို့နယ် စည်ပင်သာယာပန်းခြံအတွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင် ဖတ်ကြားစဉ်။
(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၅-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာ့ရှုခင်း
၇း၄၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	ဇာတ်လမ်းတို
၈း၂၅	၁၄။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၃	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၁၃၂)
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် **ရူပါဟန်းစတား** (အပိုင်း-၁၃)
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကောင်းကင်** (အပိုင်း-၄၃)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ဒို့တာဝန်အရေး(၃)ပါး
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အနုပညာရှင်၏တစ်နေ့တာ
	၂၁။	လျှပ်တစ်ပြက်
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ကြီးချစ်** (အပိုင်း-၂)

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရှေးဟောင်းရဟန္တာသိမ်တော် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၏ ရှေးဟောင်းရဟန္တာသိမ်တော် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားနှင့် မုဆိုးတောင်စေတီတော် ရွှေထီးတော်တင်လှူပွဲမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီတွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ မွန်ပြည်နယ် သံဃနာယကအဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညို၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တကုမာရ ဘိဝံသက ဩဝါဒမြွက်ကြားပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်ကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသက အနုမောဒနာတရားချီးမြှင့်သည်။ ဆက်လက်၍ ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း လက်ထောက်ဆရာတော် ဘဒ္ဒန္တနာဂိန္ဒက သိမ်တည်ဆောက်ရာတွင် ပံ့ပိုးဆောင်ရွက်ပေးခဲ့မှုများနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားမြွက်ကြားကာ ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက သိမ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြည်နယ်သာသနာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး ရေစက်သွန်းချ အမျှပေးဝေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သိမ်၏ ရတနာမော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီ ရွှေထီးတော် ဒုတိယဘုံအဆင့်ကပ်လှူပြင်ဆင်ပူဇော်နိုင်ရန် ကျိုက်ထီးဆောင်း ဆရာတော်က ရွှေသုံးကျပ်သားကို ပြည်ထောင်စုဝန်ကြီးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်တို့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေသခံတိုင်းရင်းသား ဒုလ္လဘရဟန်း ၆၇ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မုဆိုးတောင်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွေးပြန်ကြောအတွင်း ဆေးသွင်းထိန်းညှိစက် လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၉ရက်က အဆိုပါဆေးရုံခန်းမတွင် ကျင်းပရာ အလှူရှင် ဒေါ်ငွေငွေရှိန်၊ ကိုထွန်းထွန်းအောင်နှင့် ဆေးဆိုင်လုပ်ငန်းရှင်များက တန်ဖိုးငွေကျပ် ၇၃၀၀၀၀ တန် **INFUSION PUMP** စက်တစ်လုံးကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (၄၀၄)

လွှတ်တော်ကိုယ်စားလှယ်များ ဗန်းမော်မြို့၌ အတွေ့အကြုံရှင်းလင်း

ဗန်းမော် ဇန်နဝါရီ ၄

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများအား လွှတ်တော်အတွေ့အကြုံပြန်လည်ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ ရွှေကူမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဗန်းမော်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရိုန်၊ မိုးမောက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွတ်နောင်နှင့် ဗန်းမော်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေတို့က လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလွင်က အမျိုးသမီးများ အကြမ်းဖက်မှုအန္တရာယ်မှ ကာကွယ် စောင့်ရှောက်ရေးနှင့် ကလေးသူငယ်ဆိုင်ရာကိစ္စရပ်များ၊ လူမှောင်ခို၊ လူကုန်ကူးမှုကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (၁၂၈)

စီဒီအမ်အေ ရန်ကုန်ဖုန်းများ ဈေးနှုန်းမြင့်တက်လာ

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ချထားပေးသည့် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ်အမျိုးအစား(ရန်ကုန်ဖုန်း)များအား ချထားပေးမှု ကန့်သတ်လိုက်ခြင်းကြောင့် ဈေးကွက်အတွင်း ကျပ်ခုနစ်သိန်းအထိ ပေါက်ဈေးမြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

"ရန်ကုန်အတွက် ၈၀၀ မဂ္ဂါဟက်ဇ်ဖုန်းတွေကို နိုဝင်ဘာလကုန်အထိ လိုသလောက် ချထားပေးခဲ့ပါပြီ။ အခုက ရန်ကုန်တိုင်းဒေသကြီးအတွက် ချထားပေးမယ့် အလုံးအရေအတွက် ပြည့်သွား

တဲ့အတွက် နယ်တွေကိုသာ လျှောက်ထားခွင့်ပေးထားတယ်။ အင်တာနက် အသုံးပြုခွင့်တွေကိုတော့ ခေတ္တပိတ်ထားသေးတယ်။ မကြာမီပြန်လည် ခွင့်ပြုပေးမယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ရှင်းပြသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဂျီအက်စ်အမ်အသစ်များ ထပ်မံချထားရန် ရှိခြင်းကြောင့် မူလငါးသိန်းတန်ဂျီများကို ဝယ်လိုအားလျော့ကျသွားသော်လည်း စီဒီအမ်အေဖုန်းများမှာ လိုင်းဆွဲအား ကောင်းမွန်ခြင်း၊ ဟန်းဆက်အမျိုးအစားများ စုံလင်လာခြင်း၊ ဖုန်းအထိုင်ထားနိုင်ခြင်း စသော အကျိုးတရားများကြောင့် စီဒီအမ်အေဖုန်းများမှာ အရောင်းတွင်ကျယ်လျက်ရှိပြီး လျှောက်ထားသူများ များပြားခဲ့ခြင်းဖြစ်သည်။

"အင်တာနက်လိုင်း (သရီးဂျီ) ပါပြီးသား စီဒီအမ်အေ (၈၀၀) တွေကို အများဆုံး အဝယ်လိုက်နေပါတယ်။ အင်တာနက်လိုင်းလည်း အတော်အသင့်ကောင်းလာတဲ့အတွက် အသုံးပြုလို့ရလာတာမို့ရော၊ ဂျီဆိုရင်အသစ်လာဦးမှာဆိုတော့ အများစုက လက်ရှိဂျီကို အဝယ်မလိုက်ဘဲ စီဒီအမ်အေကို စိတ်ဝင်စားကြတယ်။ ဈေးက နိုဝင်ဘာလကုန်ကနေစပြီး တရိပ်ရိပ် တက်လာလိုက်တာ အခုဆိုရင် ဈေးကွက်ထဲမှာ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက်ဇ်တွေကို ခုနစ်သိန်းအထိ ဈေးမြင့်ပေးပြီး ဝယ်ကြတယ်။ ဆက်သွယ်ရေးမှာကလည်း နောက်တစ်ခါ ရန်ကုန်ကိုချပေးဖို့က ဘယ်တော့လဲဆိုတာ မသိတဲ့အတွက် ဈေးက ထပ်ပြီးတော့တောင် မြင့်တက်နိုင်တယ်" ဟု Art Mobile Accessories ဆိုင်မှ ဆိုင်ပိုင်ရှင်က ရှင်းပြသည်။ (၁၅၀)

မိုးကြိုးပစ်၊ သစ်ပင်ပိ သေဆုံးသူများအား ထောက်ပံ့ကြေးငွေများပေးအပ်

ပဲခူး ဇန်နဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၁ မတ်လမှ အောက်တိုဘာလအထိ မိုးကြိုးပစ်ခံရ၍ သေဆုံးသူ ၃၇ ဦးနှင့် သစ်ပင်ပိ၍ သေဆုံးသူ သုံးဦးအတွက် လူကြီးတစ်ဦးလျှင် တစ်သိန်း၊ ကလေးတစ်ဦးလျှင် ငါးသောင်းကျပ်နှုန်းဖြင့် သေဆုံးသူ ၃၆ ဦးအတွက် ငွေကျပ် ၃၆ သိန်း ငါးသောင်းကို တာဝန်ရှိသူအသီးသီးက ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်

အလားတူ အုတ်တွင်းမြို့နယ်၌ ညောင်ခြေထောက်ကျေးရွာမှ သစ်ပင်ပိ၍ သေဆုံးသူ ဦးဝင်းသန်းနှင့် သမီး မသန္တာလင်းတို့နှစ်ဦးအတွက် ထောက်ပံ့ငွေအား ဇနီးဖြစ်သူ ဒေါ်မြင့်ရီထံသို့ ပဲခူးတိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သုံးဘီးဆိုင်ကယ် ယာဉ်လိုင်းသစ်ဖွင့်

တာချီလိတ် ဇန်နဝါရီ ၄

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် တာချီလိတ်မြို့တွင်းပြေးဆွဲလျက်ရှိသော "ဂ" စီးလုံးငှားသုံးဘီးဆိုင်ကယ်များအား ရှမ်းအိုးစည်စီးလုံးငှားယာဉ်အသင်းအမည်ဖြင့် ယာဉ်လိုင်းဖွင့်ပွဲကို ရပ်ကွက်ရှိ အဆိုပါယာဉ်အသင်းရုံးရှေ့တွင် ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှူး ဦးတင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဖွင့်ပွဲအပြီးတွင် ခရိုင်ဦးစီးဌာနမှူး ဦးတင်စိုးက ယာဉ်မောင်းများနှင့် ယာဉ်ပိုင်ရှင်များအား လုပ်ငန်းလိုင်စင်အကြောင်း သိကောင်းစရာများ ဟောပြောခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

စက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်တွင် ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးများစိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၄

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန် မြင့်ဇေယျာကုမ္ပဏီ၏ ဧက ၅၀၀ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်း သက်တမ်း ၅၂ရက်သားရှိ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးများစိုက်ပျိုးထားရာ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ဇန်နဝါရီ ၁ ရက် နံနက်၈ နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရတို့နှင့် အတူ အထူးအထွက်တိုး စပ်မျိုးစပါးစိုက်ပျိုးကြသည့် တောင်သူလယ်သမားများ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းဝန်ထမ်းများ ကွင်းဆင်းလေ့လာကြပြီး ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးမျိုးစေ့ထုတ်ရန် အစီအစဉ်များကို စနစ်တကျမှတ်သားကြကာ ပျိုးပေါင်ဖော်ခြင်းလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ကြသည်။

ဆွေးနွေးမှာကြား

အဆိုပါကွင်းလက်တွေ့ဆောင်ရွက်ခြင်းလုပ်ငန်းခွင်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက နိုင်ငံတော်၏ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် နိုင်ငံခြားသို့ ပို့ကုန်ပိုမိုတင်ပို့နိုင်ရေးအတွက် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး၏အရေးပါပုံနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပါးပင်များကို လက်တွေ့ပြသလျက် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအား နည်းစနစ်တစ်ခုချင်းအလိုက် စိုက်ပျိုးထားရှိမှုအခြေအနေအရပ်ရပ်ကို ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

လွတ်လပ်ရေးနေ့အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ကျင်းပ



(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုး ဖတ်ကြားစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့် ဖတ်ကြားစဉ်။ (ထွေ/အုပ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရွှေပြည်သာမြို့နယ် အထက(၁)ကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က လမ်းမတော်မြို့နယ် အထက(၁) အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သန်လျင်မြို့နယ် အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း ဖတ်ကြားစဉ်။ (၀၄၉)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကို ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

လျှပ်စစ်ဓာတ်အားခ ကုန်ကျမှု ကင်းဝေးစေမည့် ခေတ်မီလူနေအိမ်များ ဂျပန်၌တည်ဆောက်

မီရှီမာ ဇန်နဝါရီ ၄

ဂျပန်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် နည်းပညာပူးပေါင်းပြီး ယနေ့ခေတ်လူနေပုံစံပြောင်းလဲလာမှုစျေးကွက်အရ မီရှီမာမြို့တွင် ခေတ်မီလူနေအိမ်ပုံစံသစ်များတည်ဆောက်လျက်ရှိကြောင်း ဇန်နဝါရီ ၃ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့တည်ဆောက်ရာတွင် ဆောက်လုပ်ရေးကုမ္ပဏီခုနစ်ခုက အမျိုးမျိုးသော အိမ်ပုံစံများကို တည်ဆောက်သွားမည်ဖြစ်သည်။ ယင်းနေအိမ်များ၏အမိုးတွင် တစ်နေ့လျှင် စွမ်းအင်သုံးကီလိုဝပ် သို့မဟုတ် လေးကီလိုဝပ် ထုတ်လုပ်ပေးနိုင်သော ဆိုလာပြားများကို တပ်ဆင်မည်ဖြစ်သည်။ နေစွမ်းအင်သုံး အိမ်များဖြစ်သဖြင့် အဆိုပါဒေသတွင် လျှပ်စစ်ဓာတ်အားကြိုးများ သွယ်တန်းထားမည် မဟုတ်ကြောင်း သတင်း၌ဖော်ပြသည်။ ယင်းအိမ်များကို လာမည့်ဖေဖော်ဝါရီလ၌ အပြီးတည်ဆောက်မည်ဖြစ်ပြီး မတ်လတွင် လူများပြောင်းရွှေ့နေထိုင်ခွင့် ပြုမည်ဖြစ်သည်။ **(ယာပုံ)**

ယခုတည်ဆောက်လျက်ရှိသည့် အိမ်ပေါင်းမှာ ၂၂ အိမ်ဖြစ်ပြီး မြေဧရိယာ ၆၀၀၀ စတုရန်းမီတာပေါ်၌ တည်ဆောက်ထားခြင်း ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ကြိုးသွယ်တန်းရန် မလိုသော ခေတ်မီနေအိမ်များ တည်ဆောက်ခြင်းဖြစ်ပြီး နေထိုင်သူများသည် လျှပ်စစ်ဓာတ်အားခများ ကုန်ကျမည် မဟုတ်ကြောင်း သိရသည်။

(အင်တာနက်)

စပိန်နိုင်ငံတွင် ဆေးလိပ်တိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း ပြည်သူခြောက်သိန်းခန့် ဆေးလိပ်သောက်ခြင်းကင်းစင်

မက်ဒရစ် ဇန်နဝါရီ ၄

၂၀၁၁ ခုနှစ်မှစတင်ပြဋ္ဌာန်းလိုက်သည့် ဆေးလိပ်တိုက်ဖျက်ရေးဥပဒေ၏ အကျိုးဆက်အဖြစ် တစ်နှစ်အတွင်း စပိန်လူမျိုးခြောက်သိန်းဝန်းကျင်ခန့် ဆေးလိပ်ပြတ်ခဲ့ပြီဖြစ်ကြောင်း ဌာနဆိုင်ရာသတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

စပိန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စတင်ကာ ဆေးလိပ် ကင်းမဲ့ဇုန်အဖြစ် ကလေးကစားကွင်းများ၊ ဆေးရုံများ၏ အဝန်းအဝိုင်းဧရိယာနယ်မြေများအပြင် ယမကာဆိုင်များနှင့် စားသောက်ဆိုင်များကိုပါထည့်သွင်းသတ်မှတ်၍ ဥပဒေပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဥပဒေသည် ပြည်သူခြောက်သိန်းဝန်းကျင် ဆေးလိပ်သောက်သည့် အလေ့အထကို စွန့်ပယ်မှုဖြစ်စေခဲ့ကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးစျေးကွက်ရောင်းအားသည် ပြီးခဲ့သည့်တစ်နှစ်တာအတွင်း ၁၇ ရာခိုင်နှုန်း ကျဆင်းသွားခြင်းအားဖြင့် ယခုအချက်အလက်များကို အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း စပိန်နိုင်ငံရှိ ဆေးလိပ်ကာကွယ်တားဆီးရေးအမျိုးသားကော်မတီက ပြောကြားသည်။ စပိန်နိုင်ငံတွင် နှစ်စဉ် ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးသူဦးရေမှာ ခန့်မှန်းခြေ ၅၃၀၀၀ ခန့် ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရထားတွဲပေါ်တွေ့ရှိခဲ့သော ရတနာသေတ္တာအတွင်း ရွှေချောင်းအတုများဖြစ်နေကြောင်း တွေ့ရ

ပါရီ ဇန်နဝါရီ ၄

ပြင်သစ်နိုင်ငံ ပါရီမြို့အနီးရထားတွဲတစ်တွဲပေါ် ပြီးခဲ့သည့်တစ်ပတ်အတွင်း ကတွေ့ရှိခဲ့သည့် ရတနာသေတ္တာ၏နောက်ဆက်တွဲသတင်းမှာ အတုအယောင်များသာဖြစ်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ရွှေရည်စိမ်ထား

မာစေးပါလိုင်ဆွန်းဘူတာရုံအတွင်း RERရထားပေါ်တွင်တွေ့ရှိခဲ့သည့် သံသယဖြစ်ဖွယ် သေတ္တာတစ်လုံးကို ပြင်သစ်ဗုံးရှာဖွေရေးအဖွဲ့က စူးစမ်းပြီး ဖွင့်ကြည့်လိုက်ရာ ကီလိုဂရမ် ၂၀ခန့်ရှိ ရွှေချောင်း အချောင်း ၂၀ကိုတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပထမ၌ အစစ်အမှန်ဖြစ်မည်ဆိုပါက အမေရိကန်ဒေါ်လာ တစ်သန်းတန်ဖိုးရှိသည့်ရွှေချောင်းများဖြစ်မည်ဟု တာဝန်ရှိသူများက ခန့်မှန်းမှုများပြုလုပ်ခဲ့ကြသည်။ သို့သော် တွေ့ရှိသည့် ရွှေချောင်းများကို မှတ်ကျောက်တင်ကြည့်မှ သတ္တုချောင်းများအား ခပ်ပါးပါးရွှေရည်စိမ်ထားသည့် ရွှေချောင်းအတုများ ဖြစ်နေကြောင်း တွေ့ရှိခဲ့သည်။ **(ယာပုံ)**

ပါရီမြို့အနောက်တောင်ပိုင်း ပါလိုင်ဆွန်းမြို့မှ ရဲဝန်ထမ်းများက ၎င်းတို့ ကြုံတွေ့ခဲ့ရသည့် ယခုအဖြစ်အပျက်ကို ဇန်နဝါရီ ၃ ရက်တွင် သတင်းဌာနသို့ သတင်းပေးပို့ခဲ့ခြင်းဖြစ်သည်။

အကယ်၍တွေ့ရှိရွှေချောင်းများသာ တကယ့်ရတနာ အစစ်အမှန်များဖြစ်နေပါက ဦးဆုံးတွေ့ရှိခဲ့သူ ရထား အော်ပရေတာနှင့် တွဲစောင့်တို့နှစ်ဦး ဝေစုခွဲယူနိုင်မည်ဖြစ်ပြီး ထိုသူနှစ်ဦး၏ ကံဇာတာစန်းလာဘ်မှာလည်း တစ်ဆစ်ချိုးပြောင်းလဲသွားနိုင်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ကျားများကို အကာအကွယ်ပေးရန် အိန္ဒိယ၌ ကွန်မန်ဒိုအဖွဲ့စေလွှတ်

နယူးဒေလီ ဇန်နဝါရီ ၄

အိန္ဒိယနိုင်ငံတွင် တရားမဝင်အမဲလိုက်မှုနှင့် တိရစ္ဆာန်မှောင်ခိုမှုများကြောင့် သစ်တောများတွင် ကျားများမျိုးသုဉ်းမှုကို ကာကွယ်နိုင်ရန် အထူးကွန်မန်ဒိုတပ်ဖွဲ့ကို ပထမဆုံးအကြိမ်အဖြစ် ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း အိန္ဒိယအရာရှိများက ဇန်နဝါရီ ၄ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဓိကဖြန့်ချမည်

ယင်းကွန်မန်ဒိုတပ်ဖွဲ့ကို အိန္ဒိယနိုင်ငံတောင်ပိုင်းကန်နာတာကာပြည်နယ်အတွက် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ တပ်ဖွဲ့ဝင် ၅၄ ဦးပါရှိသော အဆိုပါကွန်မန်ဒိုတပ်ဖွဲ့ကို ဇန်နဝါရီ ၄ ရက်မှစတင်ကာ ကန်နာတာကာပြည်နယ်၌ စတင်ဖြန့်ချမည်ဖြစ်သည်။ အထူးသဖြင့် ကျားသတ္တဝါများ နေထိုင်ကျက်စားရာ ယင်းပြည်နယ်၏ ဘန်ဒီပူရာနှင့် နာဂါဟိုအရပ်များတွင် ကွန်မန်ဒိုတပ်ဖွဲ့ဝင်များကို အဓိကဖြန့်ချမည်ဖြစ်သည်။ အဆိုပါကွန်မန်ဒိုတပ်ဖွဲ့တွင် သစ်တောအရာရှိ ၁၄ ဦးနှင့် ငယ်ရွယ်သော လုံခြုံရေးတပ်ဖွဲ့ဝင် ၄၀ တို့ပါဝင်ကြသည်။ ၎င်းတို့သည် သက်ဆိုင်ရာသစ်တောနယ်မြေများတွင် သုံးလတာမျှလေ့ကျင့်ပြီးနောက် တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

သြစတြေးလျကမ်းခြေ၌ အမျိုးသားတစ်ဦး ငါးမန်းတိုက်ခိုက်ခံရ

ဆစ်ဒနီ ဇန်နဝါရီ ၄

သြစတြေးလျနိုင်ငံ ကမ်းခြေတစ်ခု၌ အမျိုးသားတစ်ဦး ဇန်နဝါရီ ၃ ရက်က ငါးမန်းတစ်ကောင်၏ တိုက်ခိုက်မှုခံခဲ့ရကြောင်း သြစတြေးလျ အရာရှိများက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။

တိုက်ခိုက်ခဲ့

ဖြစ်ပွားမှုမှာ ဆစ်ဒနီမြို့မြောက်ဘက် ကီလိုမီတာ ၉၀ ခန့်အကွာ မြောက်အဗိုကာ ကမ်းခြေအနီးတွင် အသက် ၂၈နှစ်အရွယ်ရှိ သြစတြေးလျနိုင်ငံသားတစ်ဦး ရေလွှာလျှောစီးနေစဉ် ငါးမန်းတစ်ကောင်က တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ **(ဝဲပုံ)**

လွတ်မြောက်ခဲ့

ထိုသို့ ငါးမန်းတိုက်ခိုက်ခံရမှုကြောင့် ယင်းအမျိုးသား၏ လက်နှစ်ဖက်တွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ သို့သော် အဆိုပါဒဏ်ရာများနှင့်ပင် ကမ်းခြေအရောက် ရေကူးလွတ်မြောက်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ ရေလွှာလျှောစီးဘုတ်ပြားအောက်မှနေ၍ ငါးမန်းက ရုတ်တရက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းအမျိုးသားကို ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ အဆိုပါ ငါးမန်းသည် အရှည်ခြောက်ပေခန့်ရှိကြောင်း သိရှိရသည်။ **(အင်တာနက်)**

တောင်အာဖရိကနိုင်ငံ ကဝါဇူလူနာတယ်၌ မုန်တိုင်းတိုက်ခတ် ငါးဦးပျောက်ဆုံး

ဒါဘင် ဇန်နဝါရီ ၄

တောင်အာဖရိကနိုင်ငံ ကဝါဇူလူနာတယ်ပြည်နယ်တွင် ဇန်နဝါရီ ၃ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်ပြီးရေလွှမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မုန်တိုင်းကြောင့် ဒေသခံငါးဦးပျောက်ဆုံးလျက်ရှိကြောင်း တောင်အာဖရိက အရာရှိများက ဇန်နဝါရီ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

အကူအညီပေးလျက်ရှိ

တစ်ဖန်မုန်တိုင်းတိုက်ခတ်စဉ် မိုးကြိုးပစ်ချခံရမှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့နှင့် ထောက်ပံ့ရေးအဖွဲ့များက မုန်တိုင်းဒဏ်ခံရသူများအား အကူအညီများပေးလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့် မာဘာဆိုမြို့တွင် နေအိမ် ရာနှင့်ချီပြီး ပျက်စီးခဲ့ရာ ကယ်ဆယ်ရေးအဖွဲ့က နေအိမ်များပြန်လည်တည်ဆောက်ရေးကို အမြန်ဆောင်ရွက်ပေးလျက်ရှိသည်။ မုန်တိုင်းကြောင့် ဒဏ်ရာရသူ ၂၂ ဦးကို ဆေးရုံသို့ တင်ပို့ပေးထားရကြောင်း၊ မုန်တိုင်းများ ထပ်မံတိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၄-၁-၂၀၁၂

>> တင်မောင်လွင် – စုစည်းသည် <<

ဖျက်သင်္ဘောအများအပြား အီရန်တည်ဆောက်မည်

အီရန်နိုင်ငံက ဖျက်သင်္ဘောအများအပြားတည်ဆောက်မည်ဟု အီရန်ရေတပ်အရာရှိကြီးတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဇန်နဝါရီ ၃ ရက်၌ ထုတ်ပြန်သည်။

ထိုသို့ ဖျက်သင်္ဘောများတည်ဆောက်ရာတွင် ရေငုပ်ဖျက်သင်္ဘောများလည်း ပါဝင်ကြောင်း၊ ဖျက်သင်္ဘောအမျိုးအစားများကို တည်ဆောက်သွားရန် စီစဉ်ထားကြောင်း ၎င်းကပြောကြားသည်။ လောလောဆယ်၌ ရေတပ်ဖျက်သင်္ဘော ငါးစင်းကို တည်ဆောက်မည်ဖြစ်ပြီး အီရန်ရေတပ်၏ လိုအပ်မှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အီရန်နိုင်ငံသည် ပြည်တွင်းလုပ် ပထမဆုံး ဖျက်သင်္ဘော ဂျာမာရန်အား တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ ပါရှန်ပင်လယ်ကွေ့ရေပြင်၌ စေလွှတ်ထားခဲ့သည်။ ၎င်းဂျာမာရန် ဖျက်သင်္ဘောသည် အလေးချိန် ၁၄၂၀ တန်ရှိပြီး အီရန်ရေတပ်၏ ၁၆ စင်းမြောက် ဖျက်သင်္ဘောလည်းဖြစ်သည်။

ဘရာဇီးအရှေ့တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ်၊ ခုနစ်ဦးသေဆုံး

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်းတွင် ဒီဇင်ဘာလအတွင်းကတည်းက မုန်တိုင်းများ စတင်ဝင်ရောက်တိုက်ခတ်ခဲ့ရာ ခုနစ်ဦးသေဆုံးပြီး မြို့ပေါင်း ၅၂ မြို့အား အရေးပေါ် သတိပေးချက်ထုတ်ပြန်ထားကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ထုတ်ပြန်ချက်တွင် ဇန်နဝါရီ ၃ ရက်က ဖော်ပြသည်။ ဘရာဇီးအရှေ့တောင်ပိုင်း မီနတ်စ်ဂါရက်ပြည်နယ်တွင် အဆိုပါမုန်တိုင်းနှစ်စဉ်ဖြစ်ပေါ်လေ့ရှိပြီး ယင်းပြည်နယ်အတွင်းရှိ မြို့ပေါင်း ၁၀၈ မြို့သည် ယင်းမုန်တိုင်းများ၏ဒဏ်ကို အလူးအလဲခံရဆုံးဖြစ်သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် အဆိုပါပြည်နယ်တွင် ရေကြီးမှုများဖြစ်ပေါ်ကာ ခုနစ်ဦးသေဆုံးပြီး ပြည်သူပေါင်း ၉၃၀၀ ကျော် နေအိမ်များ စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ မြို့အချို့တွင် မြေပြိုမှုများကြောင့် အဝေးပြေးလမ်းများနှင့် တံတားများ ပျက်စီးခဲ့သည်။ ရီယိုဒီဂျနေရိုးပြည်နယ်ရှိ မြို့အချို့တွင် တစ်နှစ်ပတ်လုံး မုန်တိုင်းဒဏ် အများဆုံးခံရပြီး အဓိကမုန်တိုင်းကြောင့် လူပေါင်း ၉၀၀ သေဆုံးကာ ထောင်နှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

တရုတ်တောင်ပိုင်းတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေဆဲ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်အတွင်းရှိ ကျန်းမာရေးအာဏာပိုင်များက ကြက်ငှက်တုပ်ကွေးရောဂါဟု အများသိရှိသည့် H5N1 ဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကို ယခုတိုင် တွေ့ရှိနေသေးကြောင်း ဒေသတွင်းရောဂါထိန်းချုပ်ရေးအရာရှိများက ဇန်နဝါရီ ၂ ရက်၌ ပြောကြားသည်။

ကွမ်တုံပြည်နယ် ရှန်ကျန်ခရိုင် ဘာအိုဒေသရှိ အသက် ၃၉နှစ်အရွယ် မိသားစုအမည် ချန်ဆိုသူအမျိုးသားတစ်ဦးအား ပြီးခဲ့သည့် ဒီဇင်ဘာ ၂၁ ရက်က ဖျားနာမှုဝေဒနာအတွက် ဆေးရုံတင်ခဲ့ပြီး ဆေးကုသရာ H5N1 တုပ်ကွေးဗိုင်းရပ်စ် ရောဂါဖြစ်မှုလက္ခဏာပြနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ၎င်းအား စုပေါင်းကြိုးစားကုသခဲ့ရာ မအောင်မြင်ခဲ့သဖြင့် ဒီဇင်ဘာ ၃၁ရက် မွန်းလွဲပိုင်းက သေဆုံးသွားခဲ့ကြောင်း ကွမ်တုံကျန်းမာရေးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။ သူမဖျားခင် ပြီးခဲ့သည့်လက ၎င်းအား မြို့အပြင်ခရီးမထွက်ရန်နှင့် မွေးမြူရေးကြက်သား၊ ဘဲသားများဆက်မစားရန် ညွှန်ကြားထားခဲ့ကြောင်း အဆိုပါဌာနက ပြောကြားသည်။

တူရကီရဲတပ်ဖွဲ့ ဆေးခြောက်များဖမ်းဆီးရမိ

တူရကီရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃ ရက်က နိုင်ငံအနောက်မြောက်ပိုင်းတွင် စစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း ဆေးခြောက် ၁၇၉ ကီလိုဂရမ် ဖမ်းဆီးရမိကြောင်း တူရကီအစိုးရအာဘော်တစ်ပိုင်း အင်နာတိုလီယာသတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တူရကီရဲတပ်ဖွဲ့ဝင်များသည် အဆိုပါဆေးခြောက်များ ကုန်တင်ကားတစ်စီးအတွင်း ဝှက်ထားသည်ကို အီဒိုင်းပြည်နယ် ကက်ပီကူလီနယ်စပ်ဂိတ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်တင်ကားမောင်းသူအား တရားမဝင်မူးယစ်ဆေးဝါးများနှင့် ဆက်နွယ်ပြီး ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြသည်။

(အင်တာနက်)

ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဟင်္သာတကုန်စည်ဒိုင် အဆောက်အအုံအား ဆောက်လုပ်လှူဒါန်းပေးပါသော ဧရာဟင်္သာကုမ္ပဏီ၊ ကုန်စည်ဒိုင် စံကတ္တားလှူဒါန်းသော စီထွာဒစ်ဂျစ်တယ် ကတ္တားနှင့်အခြား အလှူရှင်အားလုံးတို့အား ဟင်္သာတကုန်စည်ဒိုင် အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသားများအားလုံးမှ ကျေးဇူးအထူးတင် ဝမ်းမြောက်ပါကြောင်းနှင့် နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး နိုင်ငံ့အကျိုး သာသနာ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဟင်္သာတကုန်စည်ဒိုင်အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသားများ

အမြန် ရောင်းမည်

ရန်ကုန်-ပဲခူး၊ ပြည်ထောင်စုလမ်းမကြီးဘေး မိုင်တိုင် ၄၃/ပဲခူးအဝင် (၇)မိုင် နှစ်(၉၀) စက်မှုဇုန်မြေ သုံးဧက ညှိနှိုင်းဈေးရောင်းမည်။

စုံစမ်းရန် ဖုန်း-၀၉-၄၈၂၁၄၆၇၉၊ ၀၉-၈၇၂၀၃၀၀

ကုန်ပစ္စည်းတံဆိပ်အမှတ်အသားကို တစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကြေညာချက်နှင့် တုပပြုလုပ်သူများကို [illegible] ကြေညာချက်

[illegible]

[illegible]

[illegible]

LL.B, H.G.P., Dip in Business Law, Dip in Maritime Law

Dip in Applied Psychology, WIPO (Switzerland)

[illegible]

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် မောင်ရိုလင်ခုတ်(Roland Khup)၏ Work Permit Card ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၉၅၂၃၅၊ ၀၉-၇၃၀၆၆၇၅၈

ပခုက္ကူအသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ပခုက္ကူအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး၊ အသက်(၇၅)နှစ် အထက အသင်းဝင် ပုဂ္ဂိုလ်များအား သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စာပေထူးချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၅-၂-၂၀၁၂ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ပခုက္ကူမွေ့ရုံ၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်

၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများစာရင်း(အမှတ်စာရင်းပူးတွဲလျက်)နှင့် သက်ကြီးပုဂ္ဂိုလ်များအတွက် အလှူငွေ၊ လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀၁၂၈၈၅၊ အတွင်းရေးမှူး ဦးသောင်းဝင်း ဖုန်း-၀၉-၇၃၀၇၅၄၂၅၊ တွဲဖက်အတွင်းရေးမှူး ဦးချမ်းမြေ့ ဖုန်း-၃၈၃၅၁၁၊ လိုင်းခွဲ-၂၅၁ တို့သို့ စာရင်းပေးသွင်းလှူဒါန်းနိုင်ကြပါသည်။ ၂၀၁၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်ပြီး တက္ကသိုလ်တစ်ခုခုသို့ တက်ရောက်နေသော အသင်းဝင်များ၏ သားသမီးများ တက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်ပါသည်။

အမှုဆောင်အဖွဲ့

အထက(၃)တာမွေ အာစရိယပူဇော်ပွဲ

၁၉၈၅ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ၁၂-၂-၂၀၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီ၌ အထက(၃)တာမွေ အားမာန်ခန်းမတွင် ကျင်းပမည် ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံတွင် ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

ကိုထွန်းမြင့်	ဖုန်း-၀၉-၅၁၄၃၂၄၉၊
ဒေါက်တာတင်ထွဋ်	ဖုန်း-၀၉-၅၁၁၉၁၈၀၊
ကိုမောင်မောင်စိုး	ဖုန်း-၀၉-၅၀၂၃၁၄၀၊
ကိုဇော်ဟိန်း	ဖုန်း-၀၉-၅၀၁၉၆၃၀၊
မခင်မြတ်ချို	ဖုန်း-၀၉-၅၁၉၁၅၈၉၊
မအေးသန္တာအောင်	ဖုန်း-၀၉-၅၁၁၄၉၃၀၊
မဝေလှဲ့အေး	ဖုန်း-၀၉-၇၃၀၄၃၅၉၈၊
ကိုမောင်မောင်နိုင်	ဖုန်း-၀၉-၅၅၀၀၈၄၁

KKH Publishing House [illegible]

[illegible]

ပုံပြလေ့ကျင့်ခန်းစာအုပ် [illegible]

[illegible]

B.A ,H.G.P , B.L,D.B.L , DMA, D.B.A(USA), Ph.D(Law)(USA)

[illegible]

ကံ့ကော်ရွှေမြည်

[illegible] ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် [illegible]

- [illegible]
- [illegible] YUZANA BUSINESS TOWER [illegible]
- [illegible]

အမည်မှန်

သံဖြူဇရပ်မြို့နယ် ကျုံကရုတ်ကျေးရွာ အုပ်စု၊ ဒရယ်ဖြူရွာနေ ဦးနိုင်ဖုန်းရှိန်၏ သမီး မမာဦး၏အမည်မှန်မှာ ကျောင်းဝင် စာရင်းအရ မိခိုင်ခင်ဦး ၁၀/သဖရ(နိုင်) ၁၄၅၅၃၃ ဖြစ်ပါကြောင်း။ **မိခိုင်ခင်ဦး**

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
တောင်ငူခရိုင် ခရိုင်တရားရုံးတော်၌
၂၀၁၁ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၄၁
ကွယ်လွန်သူ ဒေါ်အဲ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

အမှတ် ၈၇၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ (၁၆)ရပ်ကွက်၊ တောင်ငူမြို့၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အဲ၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဆန်နီလွင် (ဘ)ဦးမောင်လေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၉ရက် (၁၃၇၃ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အဲ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၉ရက် (၁၃၇၃ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးဆန်နီလွင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၁ခုနှစ် ဒီဇင်ဘာလ ၂၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လုဖူး (တ/၂၀၁၈)
ဒုတိယခရိုင်တရားသူကြီး(၁)၊ တောင်ငူခရိုင်တရားရုံး
ခရိုင်တရားမတရားသူကြီး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒေါက်တာလေးမောင်(မေ့ဆေးဆရာဝန်ကြီး၊ငြိမ်း)- ဒေါက်တာမမ (မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ငြိမ်း၊ လသာမြို့နယ်) တို့၏သား

ဒေါက်တာဥာဏ်လင်းထွန်း

M.B.,B.S (Ygn:), M.Med.Sc (Surgery)
(လ/ထ ကထိက၊ ခွဲစိတ်ကုပညာဌာန၊ မကွေးဆေးတက္ကသိုလ်)

နှင့်

ပခုက္ကူမြို့နေ ဦးလှမောင်-ဒေါ်သန်းသန်းစီတို့၏သမီး

ဒေါက်တာဝင်းမာ

M.B.,B.S (Mdy:), M.Med.Sc (Pediatrics)
(ကလေးဆေးရုံကြီး၊ မန္တလေးမြို့)

တို့သည် ၂၉-၁၂-၂၀၁၁ရက် ရန်ကုန်မြို့တွင် နှစ်ဖက်သော လူကြီးမိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

ဒေါက်တာဥာဏ်လင်းထွန်း- ဒေါက်တာဝင်းမာ

သင့်သွေးဖြင့် အသက်ကယ်ပါ

[illegible] [illegible] မောင်မောင်မြင့်ဆွေ – စုစည်းသည်

လီဗာပူးကို မန်စီးတီး သုံးဂိုးပြတ်အနိုင်ယူ၊ ဆန်းဒါးလန်းတို့ အဝေးကွင်း၌နိုင်ပွဲရ

လန်ဒန် ဇန်နဝါရီ ၄

ပရီမီယာလိဂ်ပွဲစဉ်များကို ဇန်နဝါရီ ၄ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်စီးတီးနှင့် လီဗာပူးတို့ပွဲတွင် မန်စီးတီးက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ တန်းစီဇယား ထိပ်ကို ဆက်လက်ဦးဆောင်ထားနိုင်ရေးအတွက် လီဗာပူးအသင်းကို လူစုံထုတ်ကစားခဲ့သော မန်စီးတီးအသင်းသည် ပွဲအစ ၁၀ မိနစ်မှာပင် လီဗာပူးဂိုးသမား ရေနာ အမှားမှတစ်ဆင့် တိုက်စစ်မှူး အဂွီရိုက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဆွာရက်ဇ်မပါသော လီဗာပူးအသင်းသည် ရှေ့တန်းတိုက်စစ်တွင် အားပျော့လျက်ရှိရာ ပွဲချိန် ၃၃ မိနစ်၌ မန်စီးတီးမှ ယာယာတိုရေးက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်း ပွဲချိန်တွင် နှစ်ဂိုး အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ **(ယာပုံ)**



ဂိုးပြတ်ရှုံးနိမ့်

ဒုတိယပိုင်းပွဲချိန်တွင်လည်း လီဗာပူးတို့ ချေပဂိုးများမသွင်းနိုင်ဘဲ ရှိနေရာ ပွဲချိန် ၇၅ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် မီလ်နာက ကန်သွင်းယူခဲ့သဖြင့် မန်စီးတီးတို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ လီဗာပူးတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

တစ်ဖန် စပါးနှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် စပါးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ စပါးအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၃ မိနစ်၌ ဒီဖိုးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဝီဂန်နှင့် ဆန်းဒါးလန်းတို့ပွဲတွင် ဆန်းဒါးလန်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆန်းဒါးလန်းအတွက် ဂိုးများကို ၄၅ မိနစ်၌ ဂတ်နာက တစ်ဂိုး၊ ၅၅ မိနစ်၌ မက်ကလင်က တစ်ဂိုး၊ ၇၃ မိနစ်၌ ဆက်စီနွန်က တစ်ဂိုး၊ မိနစ် ၈၀ ၌ ဗောက်ဂန်ကတစ်ဂိုး သွင်းယူပေးခဲ့ကြသည်။ ဝီဂန်အတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၆၂ မိနစ်၌ ရိုဒလီဂါက သွင်းယူပေးခဲ့ ခြင်းဖြစ်သည်။ **(အင်တာနက်)**

စပိန်လာလီဂါပွဲများ ဆက်လက်ယှဉ်ပြိုင်၊ ရီးရဲမက်ဒရစ်တို့ ကံကောင်းစွာနိုင်ပွဲရ

မက်ဒရစ် ဇန်နဝါရီ ၄

စပိန်လာလီဂါပွဲစဉ်များကို ဇန်နဝါရီ ၄ ရက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က မာလော့ကာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(ယာပုံ)**

အိမ်ကွင်း၌ ရီးရဲမက်ဒရစ်တို့ ကံကောင်းစွာဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ဧည့်သည် မာလော့ကာတို့က ပွဲစသည်နှင့် အဝင်အထွက်ရဲရဲဖြင့် ကစားခဲ့ရာ ပွဲအစ ၁၀ မိနစ်မှာပင် ဆန်ချက်ဇ်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ထို့နောက် မာလော့ကာတို့က အခွင့်အရေးရသည်နှင့် ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၂၉ မိနစ်၌ ဒီမီချီလစ်က တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ပထမပိုင်းပွဲချိန်အတွင်း မာလော့ကာတို့က နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်းပွဲချိန်အတွင်း ရီးရဲမက်ဒရစ်မှ ခီဒီရာက ၆၈ မိနစ်၌ တစ်ဂိုးသွင်းယူပြီး ဆက်တိုက်ပင် မိနစ် ၇၀ ၌ ဟီဂူအင်က တစ်ဂိုး သွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ ချေပဂိုးနှစ်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၇၈ မိနစ်အရောက်၌ ဘင်ဇီမာက တစ်ဂိုးသွင်း ယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဥပစာမြက်ခင်းပြင်သို့ *စာမျက်နှာ ၃ ကော်လံ ၅* ●

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန် သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာ ထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက *စာမျက်နှာ ၆ ကော်လံ ၁* ◆

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဖတ်ကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၂)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့်ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။

မင်္ဂလာတောင်ညွန့်မီးလောင်မှု

ထိုသို့ချီးမြှင့်အပ်နှင်းရာတွင် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၌ ဖြစ်ပွားခဲ့သည့် မီးလောင်မှုတွင် ရဲဝံ့စွန့်စားစွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း နိုင်ငံနှင့်ပြည်သူအတွက် အသက်စွန့်လှူသွားခဲ့သော မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဆိုင်ရာ တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရှိရသည်။

ရဲဝံ့စွန့်စားစွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း နိုင်ငံနှင့်ပြည်သူအတွက် အသက်စွန့်လှူသွားခဲ့သော မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များ ချီးမြှင့်အပ်နှင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များဖြစ်သည့် ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်၊ ရဲဗလတံဆိပ်ချီးမြှင့်ခံရသူ စုစုပေါင်း ကိုးဦးဖြစ်ပြီး ၎င်းအနက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အဆိုပါမီးသတ်တပ်ဖွဲ့ဝင်ငါးဦး ပါဝင်သည်။

ရဲသီဟတံဆိပ်

မီးသတ်တပ်ဖွဲ့ဝင်ငါးဦးအနက် အမှတ် မ ၁၇၂၃၁ မီးသတ်တပ်ကြပ် ဦးတင်စိုးအား ရဲသီဟတံဆိပ်ကို ချီးမြှင့်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ *